**ဗုဒ္ဓ၏မွေးဖွားရာ လုမ္ဗိနီကိုထိန်းသိမ်းရန် တောင်းဆိုလွှာ**

နီပေါနိုင်ငံ လုမ္ဗိနီနေရာ သည် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား၏ မွေးရာ ဒေသဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာ၏ မွေးဖွားရာ ဒေသလည်းဖြစ်ပေသည်။ ယင်းနေရာကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊သိပ္ပံ နှင့် ယဉ်ကျေးမှု အဖွဲ့ မှ ကမ္ဘာ့ ယဉ်ကျေးမှုထိန်းသိမ်းရေး နေရာ အဖြစ် ၁၉၉၇ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။



သို့ရာတွင် ယခုအခါ ယင်းမွန်မြတ်သော နေရာသည် ပတ်ဝန်းကျင်ရှိ ဘိလပ်မြေ နှင့် သံမဏိစက်ရုံ များကြောင့် ပတ်ဝန်းကျင် ကိုပျက်စီးစေမည့် လေထု နှင့် ရေ ညစ်ညမ်းမှုကိုဖြစ်စေ ပြီး ပျက်စီးယိုယွင်းမှုအရေးနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ပတ်ဝန်းကျင် ယိုယွင်း နေမှုများ လူအများသိရှိရေး နှင့် ရပ်တန့် ရေးအတွက် အဖွဲ့အစည်းများက ကြိုးပန်းနေကြသည်။ ကမ္ဘာတဝန်းရှိ လုမ္ဗိနီ ၏ မိတ်ဆွေများ ကိုယ်စား၊ လုမ္ဗိနီ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး အဖွဲ့ LEPA (Lumbini Environmental Protection Alliance) မှ လုမ္ဗိနီ ပတ်ဝန်းကျင်ညစ်ညမ်း ပျက်စီးမှု ကို ကာကွယ်ရေး နှင့် ထိန်းသိမ်းစောင့်ရှောက်ရေး တောင်းဆိုမှုများကို အပြည်ပြည် ဆိုင်ရာ မိသားစုများ၏ ထောက်ခံမှုရရန် ကြိုးပန်းနေကြသည်။

နီပေါအစိုးရ စက်မှုဝန်ကြီးဌာန ၏ စက်မှုလက်မှု ဖွံ့ ဖြိုးရေးအဖွဲ့ သို့ တောင်းဆိုတင်ပြထားသည့် စာတွင်

၁. လုမ္ဗိနီ ပတ်ဝန်းကျင်တွင် စက်ရုံအလုပ်ရုံ ကင်းသည့် ဇုံ ဖန်တီးရန်

၂. ယင်းဇုံ၏ ပြင်ပတွင် ဆောက်လုပ်ဆဲ စက်ရုံ နှင့် ဆောက်လုပ်ရန် လျာထားမှု များကို ရပ်တန့်ရန်

၃. လက်ရှိ စက်ရုံများကို လည်း တင်းကျပ်စွာ ကြပ်မှတ်ရန် တို့ဖြစ်သည်။

စက်မှုလုပ်ငန်းကြောင့်ဖြစ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ဆက်လက်စောင့်ကြည့်ကွပ်ကဲရန် နီပေါအစိုးရ ၏ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ တာဝန်ယူပေးရန် တောင်းဆိုထားသည်။

ဂိုနာဟာ ၆-၈ နှင့် ကမ်ဟာရီယ ၃-၆ စက်ရုံများမှ ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုင်ထရိုဂျင် အောက်ဆိုက် နှင့် လေထုညစ်ညမ်း စေသည့် ဓာတ်အမှုန် များကြောင့် အာသောက ကျောက်တိုင် နှင့် ယင်းတွင် ထွင်းထုထားသည့် ကျောက်စာများကို ပျက်စီးစေနိုင်သည်။



ယင်းကဲ့သို့ လေထုညစ်ညမ်းမှု ကြောင့် သမိုင်းဝင် ကျောက်တုံးကျောက်တိုင် များပျက်စီးနေမှုများကို စပိန်နိုင်ငံ စီဗီးမြို့ ရှိ ဘုရားရှိခိုးကျောင်း၊ မေဆိုအမေရိက ရှိ ရှေးဟောင်း မာယာမြို့ပျက်များတွင် လည်းတွေ့ ရသည်။ အကယ်၍ ကာကွယ်စောင့်ရှောက်မှုသာ မလုပ်လျှင် လုမ္ဗိနီ တွင်လည်း အလားတူ ဖြစ်လာ လိမ့်မည် ဟု မျှော်မှန်း ထားသည်။

လုမ္ဗိနီ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး အဖွဲ့ LEPA (Lumbini Environmental Protection Alliance) မှ နီပေါအစိုးရသို့ တောင်းဆိုထားခြင်း ကို အပြည်ပြည်ဆိုင်ရာ မိသားစု များမှ ဝိုင်းဝန်း ထောက်ခံရန် မေတ္တာ ရပ်ခံထားသည်။

လုမ္ဗိနီ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး အဖွဲ့ LEPA ၏ တောင်းဆိုထားချက် အပြည့်အစုံ ကို ဤနေရာ <http://tinyurl.com/yalhvkj>   တွင် ကြည့်နိုင်ပါသည်။

ယင်းတောင်းဆိုမှုကို ထောက်ခံသည့်လက်မှတ် ရေးထိုးလိုလျှင် ဤနေရာ
<*https://spreadsheets.google.com/viewform?formkey=dF8xYzkteHFmNi1jTFA2R3J4a28zRWc6MA*>.
တွင်နာမည်ပေး လက်မှတ်ရေးထိုးနိုင် ပါသည်။

(Source: The Buddhist Channel)

ကျန်းမာရွှင်လန်းကြပါစေ

ဓမ္မာလောကဗုဒ္ဓဘာသာအသင်း